**ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ**

**Karenni State Consultative Council (KSCC)**

## ကရင်နီပြည်နယ်ပြည်သူများအား အသိပေးတိုက်တွန်းနိုးဆော်ချက်

နေ့စွဲ။ ၂၀၂၁ခုနှစ်၊ စက်တင်ဘာလ (၈) ရက်

ကရင်နီပြည်နယ်တွင် အကြမ်းဖက်စစ်ကောင်စီအား တွန်းလှန်တိုက်ပွဲဝင်နေသည်မှာ ၂၀၂၁ခုနှစ် မေလ(၂၃)ရက်နေ့ကတည်းက စတင်ခဲ့ခြင်းဖြစ်ပါသည်။ လက်ရှိအချိန်အထိ စစ်ကောင်စီတပ်များ၏ နယ်မြေစစ်ကြောင်းထိုးမှုများကြောင့် ပြည်သူ့ကာကွယ်ရေးတပ်များဖြစ်သော KA,KNDF,PDFs နှင့် အကြမ်းဖက်စစ် ကောင်စီတပ်များအကြား တိုက်ပွဲ များ ဖြစ်ပွားလျက်ရှိပါသည်။

၂၀၂၁ခုနှစ်၊ စက်တင်ဘာ(၇)ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရသည် စစ်အာဏာရှင်စနစ်အပြီးတိုင် ဖျက်သိမ်းရေးအတွက် နိုင်ငံတော်အရေးပေါ်အခြေအနေတစ်ရပ်ကို ကြေညာခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကရင်နီပြည်နယ်တွင်လည်း စစ်ရေးစစ်ရှိန်မြင့်တက်လာဖွယ်ရှိပြီး တိုက်ပွဲများ ပိုမို စိပ်လာနိုင်ပါ သဖြင့် ကရင်နီပြည်သူပြည်သားများအနေဖြင့် —

၁) စိုးရိမ်ထိတ်လန့်ခြင်းမရှိဘဲ မိမိတို့၏လုံခြုံရေးကို အထူးဂရုပြုကြရန်။

၂) ပြည်သူ့ကာကွယ်ရေးတပ်များ (KA,KNDF,PDFs) ၏ လုံခြုံရေးဆိုင်ရာ ညွှန်ကြားမှုများကို စနစ်တကျ လိုက်နာကြရန်။

၃) မလိုအပ်ပဲ အပြင်ထွက်ခြင်းနှင့် အသွားအလာများ သတိပြုကြပါရန်။

၄) မှန်ကန်သော သတင်းစီးဆင်းမှုများကိုသာ အတည်ပြုရယူပါရန်နှင့် မြေပြင်တွင် ပြည်သူအချင်းချင်းကြား မှန်ကန်သော သတင်းပေးမှုများဖြင့် မိမိတို့၏လုံခြုံရေးအတွက် ပြင်ဆင်ထားကြပါရန်။

၅)	စစ်ရှောင်ပြည်သူများအနေဖြင့် မိမိတို့ ရောက်ရှိရာ ကျေးရွာများ၊ စစ်ရှောင်စခန်းများ၏ သတ်မှတ်ထားသော covid - 19 ကာကွယ်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရန်။

၆)	စစ်ရှောင်ပြည်သူများအနေဖြင့် မိမိတို့၏ပတ်ဝန်းကျင်မှ အကြမ်းဖက်စစ်ကောင်စီ သတင်းပေး ဒလန်များ ရှိပါက နီးစပ်ရာပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များထံ အမြန် အသိပေးရန်နှင့် မိမိတို့စစ်ရှောင်စခန်းများ ရှိရာသို့ ခေါ် ဆောင်သွားလာခြင်းများ မပြုလုပ်ကြရန်။

၇)	အကြမ်းဖက်စစ်ကောင်စီအား အပြီးတိုင် ချေမှုန်းနိုင်ရေးအတွက် ပြည်သူ့ကာကွယ်ရေးတပ်များ၏ လုံခြုံရေးနှင့် မိမိတို့၏ လုံခြုံရေးအတွက် အတူတကွ ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်း နှိုးဆော်လိုက်ပါသည်။

ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ